ရန်ကုန်မြို့–ဗင်္ဂလားတိုက်
စကဝါပင်ကျောင်းကြီး
စာချဆရာတော်

{ ဦးအရိယဝံသ–အရှင် }

ရေးသားစီရင်အပ်သော

# စိန်ရောင်ခြည်–စေတီတော်ကြီး၏

## အဋ္ဌုပ္ပတ္တိ

—နှင့်—

## ဘုရားရှိခိုးအမျိုးမျိုး

---

ရန်ကုန်မြို့-ဟိုလံဗီကျောဘိုက်ရှိုင်၊ သူဌေးမင်း- ဦးဘသိန်း
ဓမ္မဒါနကောင်းမှု၊ စာအုပ်ရေ-၅၀၀

—— ——:o:—— ——

သောဘဏသာသနာ့ပုံနှိပ်တိုက်၊

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

ဝဇိရာသနေ ဇိတမာရော၊
ဝဇိရသာရ-သန္နိဘော၊
ဝဇိရာဝုဓ-ဉာဏ်န္တော၊
ဝဇိရံဒေဝ-ဒေဝံမမ၊

( တပုဒ်လုံး-စိန်ရောင်ခြည်ဂါထာ )

ဝဇိရာသနေ၊ ဗောဓိပင်ညောင်ရွှေ-ဗုဒ္ဓပလ္လင်အောက်-ဆန်းကြယ်ပေါက်သည်-ရောက်တောက်ပြုစင်-စိန်မည့်လွင်၌၊ ဇိတမာရော၊ ဒေဝပုတ္တ၊စသည်အပြား၊ မာရ်ငါးပါးကို-စိန်ဓါးလက်နက်-စိန်ဉာဏ်မင်ဖြင့်-ပယ်ဖျက်ချတ်လှ ႏ-အောင်တော်မူပြီးထသော၊ဝဇိရသာရသန္နိဘော၊ရွှေကိုယ်တော်အလုံးဝယ်-စိန်ရောင်ခြည်အစုဖျ ႏသကဲ့သို့-စိန်တုံး-စိန်စယ်- စိန်အစုစ်ကြီးနှင့် တူတော်မူပေထသော၊ဝဇိရာဝုဓဉာဏ်န္တော၊ပြောင်ကြည်တော်ထိန်-ဝရဇိန်လက်နက်-စိန်သန်လျက်ကဲ့သို့၊ ထက်မြက်သော မဂ်ဉာဏ်အရှင်ဖြစ်တော်မူပေထသော၊ (ယောနာထော- အကြင်လူသုံးပါးတို့၏-လေးစားကြည်ညို-မှီခိုမြတ်နိုး-အားကိုးရာအစစ်-ဖြစ်တော်မူသော-ရှင်တော်မြတ်ဘုရားကြီးသည်၊ သမုပ္ပန္နော၊ ဇေယျဂန်တောင်ထွန်းဝယ်-စိန်ရောင်ခြည်ထွန်းဝန်း သကဲ့သို့- ဖြစ်ထွန်းပေါ်ပေါက်တော်မူလာလေပြီ) ယောနာထော။ ထိုကျေးဇူးတော်သခင်-ရှင်ပင်မြတ်ဘုရားကြီးသည်၊ မမ၊နောင်-ရှင်နှင့်ဖြာ- ငါးသခင်ကို-ငါဟုသမုတ်-အကျွန်ုပ်အား၊ဝဇိရံ၊ မြဲမြောင်မသိ-စိန်ရောင်ခြည်ကဲ့သို့-ဝင်းကြည်ထက်သန်-အသိဉာဏ်ကို၊ ဒေဝါ လျှင်စွာမနှေး-ပေးသနားတော်မူပါ။ကျေးဇူးတော်သခင်-အရှင်ဘုရား။

# (အဘိယာစနကထာ)

ယာစိတောဟံရစိသာသိ၊
ဝဇီရရုံသိတူပသား၊
ဇဋ္ဌပသန္နသာရုဟိ၊
သခေ်ပေနေဝဥပ္ပတ္တိံ၊ ၊

အပဟံ၊ ပရိယတ္တိသာသနာ့အသုပ်၌-ကြိုးကုတ်လှလှ-သင်ခါ ချလျက်-အရိယဝံသ-နာမဘွဲ့ချည်-ငါမထေရ်သည်၊ ဇဋ္ဌပသန္န သာရုဟိ၊ ဘုရားကိုအမှန်ထား၍-သုံးပါးသောရတနာ၌၊ အား ထားမှိုခို-ကြည်ညိုခြင်းရှိကြကုန်သော- ဆရာကြီး၊ဦးသူတော် နှင့်ဒကာ၊ရန်ကုန်မြို့၊ဝတ်လုံတော်ရကြီး(ပတ်ကားသခင်)ဘုရား အမ-မသိန်းရင်- မသိန်းတင်-ကိုဘလွင်ဟု ဆိုအပ်ကုန်သော- သဒ္ဓမ္မ-မာမကာ၊သူတော်ကောင်း၊ဒကာ- ဒကာမတို့သည်- ယာစိ တော-ရှိခသဘည်းကပ်တောင်းပန်အပ်လေသောကြောင့်-ဝဇီရ ရုံသိတူပသား၊ ဥဏ္ဏာလုံခတ် မွေတော်မြတ်၏၊ ရောင်လျှပ်ဝင်း ကြည့်-စိန်ရောင်ခြည်ကို-စွဲမှီပညတ်-ခေါ်ဝေါ်အပ်သည့်၊ယာရန် ကုန်မြို့ကြီးအတွင်းဝယ်-အသစ်တဘန်-မွမ်းမံပြုဖြင့်အပ်သော-

## ( စိန်ရောင်ခြည်စေတီတော်မြတ်ကြီး ) ၏-

ဥပ္ပတ္တိံ-အာဒိမူလပဘဝကို- ကျန်-ဥာဏ်ပိုင်း-ရှေးသမိုင်းနှင့်-ချင့်နှိုင်းရပေါင်း၊ဖြစ်ပေါ်ပုံအကြောင်းကို၊ သခေ်ပေန ဝ၊ မှတ် လွယ်၊နာလွယ်-ထင်မြင်လွယ်အောင်- ဥာဏ်ငယ်ထောက်ချင့် အကျဉ်းအားဖြင့်သာလျှင်- ရစိသ ာမိ၊ ကောင်းစွာမှူး-ရေး သားတည်ထွင်-စီရင်ပေတော့အံ့သတည်း၊ ၊

# “ ဗိနီရောင်ခြည်ဟူသောဘွဲ့တော်၅ဖြင့် ” ဘွဲ့ချည်ခေါ်ဝေါ်ရခြင်း အကြောင်း။

——— ——— ;C; ———

လူနတ်ဗြဟ္မာ-သတ္တဝါတို့၏-အားထားကြည်ညို-မြို့ရိုးရာ အစစ်။ ဖြစ်တော်မူသော-ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ လောကသုံးဖြင့်ဝယ်-ထင်ပေါ်ကျော်ကြား- ဂုဏ်တော်အနန္တ-ကျေးဇူးတော်အနန္တတို့နှင့် ပြည့်စုံတော်မူပေရကား- အနန္တဂုဏ်ရှင်၊ကျေးဇူးတော်သခင်ကြီးဖြစ်တော်မူပေသည်။ ။

ထိုသို့ အဘိုင်းမသိသော- ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော်မူခြင်းကြောင့်-ရှင်တော်မြတ်ဘုရားကြီး၏- ဘွဲ့တော်-အမည်တော်များကို-ဂုဏ်နှင့်ခြိပ်ထပ်အောင်-ချီးကျူးခေါ်ဝေါ်မည်ဆိုလျှင်- ထိုဘွဲ့တော်၊ အမည်တော်တို့သည်- မရေတွက်နိုင်လောက်အောင်ပင်များလှပေကြောင်း။ ။

ယင်းသို့ ဖြစ်သည့်အလျောက်- ရှင်တော်ဘုရား၏-ဘွဲ့-အမည်တော်တို့မှာ-မရ်ငါးပါးကိုအောင်တော်မူသည်ကို အစွဲပြု၍ “**ဇိနော**” ဟူ၍၎င်း၊သစ္စာလေးပါးတရားကိုသိတော်မူသည်ကို အစွဲပြု၍- “**ဗုဒ္ဓေါ**” ဟူ၍၎င်း၊လောကသုံးပါး၌-သီလသမာဓိ-စသောဂုဏ်တော်အားဖြင့်-တုဘက်-ပြိုင်ဘက် မရှိသည်ကို အစွဲပြု၍ “ **အတုလော** ”ဟူ၍၎င်း၊ရှေးဝိပဿီအစရှိသော နောင်တော်ဘုရားတို့ ကဲ့သို့သာခြင်းကောင်းတော်မူသည်ကိုအစွဲပြု၍- “**သုဂတော**”ဟူ၍၎င်း၊ မာဂဓိမူလဘာသာအားဖြင့်၊ တပါးမကများလှပေသည်။ ။ထို့ကြောင့်ပင်- ရှေးအဋ္ဌကထာဆရာမြတ်ကြီးတို့သည်၊ဆိုအပ်လတ္တံ့သော ဂါထာစကားကို၊မိန့်ကြားတော်မူအပ်ကုန်၏။ ။

အသင်္ချေယျာနိ-နာမာနိ။
သဂုဏေန-မဟေသိနော။
ဂုဏေနနာမမုဒ္ဓေယျံ။
အပိနာမသဟဿတော။ ။

မဟေသိနော၊ သီလက္ခန္ဓာသည်ကျေးဇူး။ ဂုဏ်အထူးကို၊ ဆည်းပူးရှာမှီးလေ့ရှိသော ရှင်တော်မြတ်ဘုရားကြီး၏။ နာမာနိ၊ မှည့်ခေါ်ပညတ်၊ ဘွဲ့တော်မြတ်တို့သည်။ သဂုဏေန၊ ကျေးဇူးတော်အစုံ၊ ဂုဏ်နှင့်ဖြစ်ထပ်သောအားဖြင့်။ အသင်္ချေယျာနိ။ ဘွဲ့တော်အရေဖို့၊ မရေတွက်နိုင်ပါကုန်။ ဂုဏေန။ ကျေးဇူးတော်အစုံ ဂုဏ်တော်အားဖြင့်၊ နာမံ၊ မှည့်ခေါ်ပညတ်၊ ဘွဲ့တော်မြတ်ကို၊ ဥဒ္ဓေယျံ။ ဒုတ်ဆောင်ပါမူကား၊ အပိနာမသဟဿတော။ အထောင်မကများလှပါပေသတည်း။ ။

ဤကဲ့သို့ ကျမ်းဂန်လာစကားများကို-ထောက်ထားစေ၍-ဉာဏ်ဖြင့်ရှု၍- ရှင်တော်ဘုရားကြီး၏။ ဘွဲ့တော်-အမည်တော်များကို- ဂုဏ်နှင့်ခြစ်-ထပ်အောင်ချီးကျူးခေါ်ဝေါ်ပါက၊ လွန်နိုင်သည်မရှိသဖြင့်-မိမိတို့အလိုရှိရာ-မှန်မြတ်သောဘွဲ့အမည်တော်များဖြင့် ချီးကျူးခေါ်ဝေါ်နိုင်သည့်သာဖြစ်ပေသည်။

ယခု- ရန်ကုန်မြို့အတွင်းဝယ်-ဆူခက်ထပ်တဘက်- မွမ်းမံ သုခ ပြင်အပ်သောမြတ်စွာဘုရား၏- သရီရဓာတ်-မွေတော်ဓာတ်အစစ်တို့၏- ကိန်းဝပ်တော်မူရာ ရင်းစေတီတော် မြတ်ကြီးအား **"စိန်ရောင်ခြည်"** ဟူသော ဘွဲ့တော်အမည်ဖြင့် ဘွဲ့ချည်ခေါ်ရခြင်းအကြောင်းမှာ-ရှင်တော်ဘုရားကြီး၏နီလ ပီတ လောဟိတနှင့်- ဩဒါတ-ပဘာ-မဉ္ဇိဋ္ဌာ-အပြား-ခြောက်ပါးသောရောင်ခြည်တို့တွင်-ဩဒါတ ဟူသော ရောင်ခြည်တော်မျိုးသည်-အမိုးတော်-သွားတော်-ဖြူရှင်းသော အရပ်တော်တို့မှ-ထွက်ပေါ်လာသော ရောင်ခြည်တော်မျိုးဖြစ်ပေရကား

ထိန်ထိန်ကြည်လင်း- စိန်အဆင်းကဲ့သို့- ထိန်ဝင်းဖြူစင်သော ရောင်ခြည်တော်မျိုးဖြစ်ပေသည်။ ။

ထိုကဲ့သို့ ပြောင်ဝင်းလျှပ်ကြည်-စိန်ရတနာအဆင်းနှင့် တူသော-ရှင်တော်ဘုရား၏ ရောင်ခြည်တော်အစစ်များကိုအစွဲပြု၍ ချီးကျူးခေါ်ဝေါ်ရခြင်းဖြစ်ပေသည်။ ။

၎င်းပြင်တဖြာ-စိန်ရောင်ခြည်ဟူသော ဘွဲ့တော်ဖြင့်-ဘွဲ့ချည်တော်မူရခြင်းအကြောင်းမှာ။ ။

လောကသုံးပါးဝယ်။ဘုရားအဖြစ်သို့ ရောက်တော်မူသော-ရှင်တော်ဘုရားကြီး၏။မဂ်ဉာဏ်တော်အစဉ်မှာ။ ဝဇီရာဂုဏ၊ ဝန့်ဝိုင်းရှသော။ တောက်ပဝင်းထိန်။ဝရဇိန်၊ စိန်လက်နက်ကဲ့သို့။ ထက်မြက်သောအရဟတ္တမဂ်ဉာဏ်တော်ကြီးဖြစ်ပေသည်။ ။

ထိုသို့ဖြစ်ပေရကား။ ထိုမဂ်ဉာဏ်သခင်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏။သရီရဓာတ်။ မွေတော်ဓါတ်အစစ်တို့၏။ ကိန်းဝပ်တော်မူရာ။ရန်ကုန်မြို့ကြီးအတွင်းဝယ်။ ယခုနောက်ထပ်တဘန်။ မွမ်းမံပြုပြင်အပ်သော ဤစေတီတော်မြတ်ကြီးအား။ **''စိန်ရောင်ခြည်''** ဟူသောဘွဲ့တော်မြတ်ဖြင့် ချီးကျူးခေါ်ဝေါ်အပ်ရသည်ဖြစ်ပေကြောင်း။

သို့ဖြစ်ပါ၍။ယခုအခါ''**စိန်ရောင်ခြည်စေတီတော်မြတ်ကြီး**''အားဆည်းကပ်ကြည်ညို၊မှီခိုအားထား ဖူးမျှော်ခြင်းရှိကြကုန်သော။ ရဟန်း ရှင်လူ ပြည်သူအပေါင်း သူတော်ကောင်းတို့အား။ ဘသသဝေးကွာ၊ ရောဂါကင်းပြောက်။တောက်ပဝင်းထိန်ဝရဇိန်၊ စိန်လက်နက်နှင့်တူသော မဂ်ဉာဏ်ထွန်းမှုး-တရားထူးတရားမြတ်များကိုရနိုင်ဘွယ်သောအကြောင်းကောင်းစွာရှိပေသည်။

ဥဒ္ဒိတေသဝယ်သဿကောသာ၊ ဝဇိရရံသိဓာတုလီနော၊
ပဇ္ဇလိတ်သုဇာနုမ္ဗုဇာ၊ ဇာတိခေတ္တေမဟာသရေ၊
တမုပါဒါယတံထူပံ၊ ဝဇိရရံသိဇ္ဈောတိ။ ။

ဝဇိရရံသိဓာတုလီနော၊အရဟတ္တ မဂ်ဉာဏ်ရှိန်၊ တောက်ထိန်ကြည်လက်၊ စိန်ရောင်ခြည်ကွန်ရက်ကို၊ ဖြန့်ကြက်လင်းပြောင်ဆောင်ထေ့ပေထသော၊ကောသာ၊ ဗိမ္ဗိသာရ ဝဂ်-နယ်အချက်တွင် ဖြိုင်ဘက်မပြုတတ်သည်းသောဖြစ်တော်မူပေထသော၊ ယသသမဟာသုရသာ၊ အကြွင်မဲ့ဖြတ်စွာဘုရားတည်းဟူသော နေမင်းကြီး၏ဥဒ္ဒိတော၊အရဟတ္တမဂ်တည်းဟူသော၊ ယုဂန္ဓိုရ်တောင်စွန်းမှ ပေါ်ထွန်းထွက်ပြူး ဉဒည်မူခြင်းတည်းဟူသော အကြောင်းကြောင့်၊ဇာတိခေတ္တေမဟာသရေ၊ စကြဝဠာပေါင်းတိုက်တသောင်းတည်းဟူသော ပဒုမ္မာကြာအိုင်ကြီးထဲ၌၊ ဇာနုမ္ဗုဇာ၊ ကျွတ်ထိုက်သောသူနတ်လူပြဟ္မာသတ္တဝါတည်းဟူသောပဒုမ္မာကြာအပေါင်းတို့သည်၊ ပဇ္ဇလိတ်သု၊ သဘာလေးဆင့် ငွါးငွါးစွင့်လျက်ပွင့်ကြလေကုန်ပြီ၊ တံဉာဏံ၊ ထိုဝဇိရောဒ-ဝန်းတိုင်းရှိသည့်၊ဉာဏာထက်သန်၊ရှင်တော်ဘုရား၏၊ အရဟတ္တမဂ်ဉာဏ်တော်ကြီးကို၊ဥပါဒါယ၊ရည်မျှော်သမှုအစွဲပြု၍၊တံထူပံ၊ ယခုတဘန်ထပ်မံသုစ်သင်ပြင်ဆင်အပ်သော စေတီတော်မြတ်ကြီးကို၊ ဝဇိရရံသိ၊ ဝဇိရရံသိဇ္ဈောတိ၊ ဂုဏ်နှင့်ပြည့်စုံတော်အောင်ကြီးစည်း၊ စိန်ရောင်ခြည်စေတီတော်မြတ်ဟူ၍၊ဝုစ္စတိ၊ ဘွဲ့တော်သကာတ် ဆွဲချည်ခေါ်ဝေါ်အပ်ပါပေသတည်း။

## " စိန်ရောင်ခြည်-စေတီတော်ကြီး၏ အထွေထွေမှတ်တမ်းအကျဉ်းချုပ်။ "

ယခုအခါ၊မြန်မာနိုင်ငံတဝှမ်းလုံးဝယ်၊ ထိပ်မ်းရုံးကျော်ကြားခြင်းရှိပေသော၊ရန်ကုန်မြို့ကြီးသည်၊ ရှေးအခါကာလ-ဓါသမယ၌

ကား၊အဘိတဗ္ဗန်၊ ပေါက္ခရဝတီ-နှစ်ထီသော အမည်နာမတို့ကို ကောင်းစွာရရှိသော၊ဥက္ကလာပ-နာမသမုတ်- ဇနပုဒ်ဒေသ ဖြစ်ပေသည်၊ ။သို့ရာတွင်ယခုအခါ၌မူ၊ ရန်ကုန်ဟူသောအမည်ဖြင့်၊ ထက်ဝန်းကျင်အရပ်ဒေသတို့၌၊ ကျော်ကြားလျက်ရှိပေသည်။ ။ထိုရန်ကုန်ဟူသော အမည်နာမမှာ၊ မြန်မာဘာသာအားဖြင့်ခေါ်ဝေါ်အပ်သောအမည်နာမဖြစ်ပေသည်။ ။မာဂဓဘာသာအားဖြင့်ခေါ်ဆိုပါမူ၊ ။ဝေရိက္ခယနဂရ-ဟူ၍၎င်း၊အရိက္ခယနဂရ-ဟူ၍၎င်းခေါ်ဆိုနိုင်ပေသည်၊ ။(ခယန္တိ ဧတ္ထါတိခယော၊ဝေရိနံခယော ဝေရိက္ခယော၊အရိနံခယော အရိက္ခယော၊ ။

ရန်သူတို့၏ကုန်ရာအရပ်၊ ဘေးရန်မရှိရာအရပ်ဒေသဟုဆိုလိုသည်။ ။ထိုရန်ကုန်မြို့ဟူသောအမည်မှာ၊ သိင်္ဂုတ္တရ-ကုန်းတော်ကိုအစွဲပြု၍ခေါ်ဝေါ်အပ်ပေသည်၊ ။

ထိုကုန်းတော်သည်၊မည်ကဲ့သို့သောရန်သူပင်ဖြစ်စေကာမူ၊ ထိုကုန်းမြင့်သို့ရောက်လပ်သောသတ္တဝါတို့မှာ၊ ရန်ဘေးကင်းငြိမ်း၍၊ အောင်ကိန်းကြီးတခုရနိုင်လေသည်၊ ရန်ဘေးကုန်ရာကုန်းတော်ဟုဆိုလိုသည်၊ထိုကုန်းတော်ကိုအစွဲပြု၍၊ ယခုအခါ-၌ကုန်းတော်၏အနီးတွင် တည်ရှိသောမြို့ကိုလည်း၊ ရန်ကုန်မြို့ဟုခေါ်ဝေါ်လျက်ရှိကြပေသည်၊

ထိုသိင်္ဂုတ္တရကုန်းသည်၊ ရှေးအခါကာလက၊သုဝဏ္ဏဘူမိ ဟူ၍၎င်း၊သုရိဒ္ဒကူ ဟူ၍၎င်း၊ပေါက္ခရဝတီဟူ၍၎င်း၊သိပါရာဇာဟူ၍၎င်း၊ တမ္ဗာကုဋ ဟူ၍၎င်း၊တိဂုမ္ဗဟူ၍၎င်း၊ သိင်္ဂုတ္တရဟူ၍၎င်း၊ အမည်ခုနှစ်ပါးရှိဘူးလေသည်၊ ။

ထို့ကြောင့်၊ရှေးသမိုင်းဇယ်များ၌၊ ။သိင်္ဂုတ္တရေ၊ ကုန်းနေ သညာ၊အမည်ဟာမူ၊သုဝဏ္ဏဘူမိ၊ သုရိဒ္ဒကူ၊ ပေါက္ခရဝတီ၊သိပါရာဇာ၊တမ္ဗာကုဋ၊ တိဂုမ္ဗနှင့်၊သတ္တနာမံ၊ သိင်္ဂုတ္တရံ၊ ။ဟူ၍ကေဝိန်ရတုဖြင့်၊စီကုန်းနှံ့ဘွဲ့တော်မူကြကုန်၏၊ ။

ရှေးအခါကာလ၊ခါသမယဝယ်၊အဘိတဗ္ဗ၊ ပေါက္ခရဝတီ၊ အမည်နာမ၊ ထင်ရှားရသော၊ ဥက္ကလာပ၊ ရပ်ရွာနှမှ၊တဖုဿ-

ဘလ္လိကာ၊ ညီဖှာနောင်တော်၊ နှစ်ဦးတို့သည်၊ လှည်းငါးရာကြီးမှူး လျက်၊ လုန်ကူးခြင်းအလို့ငှါ၊ ဇမ္ဗူဒီပကျွန်း၊ တောင်မြောက်ကျွန်းတွင်၊ မြဈွန်းဒီပေ၊ မဇ္ဈိမတိုက်မ၊ သောဠသခရိုင်၊ နိုင်ငံဒေသ၊ မဇ္ဈိမဗ္ဗာန သို့၊ သွားရောက်ကြလေရာ၊ ဘုရားရှင်ကိုယ်တော်မြတ်၊ သိတင်း သုံးတော်မူရာအရပ်သို့-ရောက်ကြသည်ကာလ၊ ရှေးဘဝက၊ မိဘမျိုးဆွေ၊ တောင်လေဆက်စပ်၊ တယောက်သောနတ်က၊ လှည့်ပတ်ဝဠွန်၊ လှည်းငါးရာတို့ကို၊ မသွားရအောင်၊ ကြံဆောင်ဆီး တားပြီးမှ၊ ကရုဏာရှေ့ထား၍၊ ဘုရားနှင့်ရှိရာ၊ နေရပ်သာသို့၊ ကောင်းစွာညွှန်ကြားလေရာ၊ ။တပုဿ-ဘလ္လိကာ၊ နောင်ညီ မှတို့သည်၊ ဒါနပ၊ရမီ၊ တစာဂီဖြင့်၊ အာသိဖြဗ္ဗာန်း၊ သဒ္ဓါဟု ရွှင် လမ်းသဖြင့်၊ ဝမ်းမြောက်ဝမ်းသာ၊ မျှားဆုပ်မုန့်ယူ၍၊ ရှင်တော် ဘုရားရှိရာနေရပ်သါသို့၊ ကောင်းစွာဆည်းကပ်ကြလေသတည်း။

ထိုအခါ၊ သုံးလူ့သခင်-မြတ်ရှင်ပင်သည်၊ ကြည်လင်သဒ္ဓါ၊ စေတနာနှင့်၊ ကောင်းစွာတင့်အပ်၊ ဆက်ကပ်သောမျှားဆုပ်မုန့် ကို၊ ခံယူတော်မူပြီးနောက်၊ နှစ်ယောက်သောညီနောင်တို့အား၊ ဒွေဝါစိက၊ သရဏဂုံကို၊ လောက်လုံညီစွာ၊ ဆောက်တည်စေတော် မူရာပေသတည်း။ ။

၎င်းနောက်၊ နှစ်ယောက်သောညီနောင်တို့သည်၊ ဘုန်းခေါင် တွင်ပျံ့၊ မြတ်ဘုရားအား၊ လျှောက်ကြားတော်မူသည်မှာ၊ တပည့်တော်တို့၏အားဘား၊ ကိုယ်တော်မြတ်ကြီးဘုရား၊ တပည့် တော်တို့မှာ၊ လွန်စွာဝေးလှ၊ အသိတဥ္စ၊ ပေါက္ခရဝတီ၊ နှစ်လီတင် သ၊ ဥက္ကလာပ၊ ရင်မွာနဝေးနေက၊ ဇာနုပဒ်သားတွေ ဖြစ်ပါသည် ဘုရား၊ ဖူးမြှော်ချင်လျှင်၊ အလွန်ပင်ခက်ရှာသဖြင့်၊ မသက်သာ အောင်ပင်ဖြစ်ပါလိမ့်မည်ဘုရား၊ သို့ဖြစ်ပါ၍၊ တပည့်ညီနောင် နှစ်ဦးတို့အား၊ သုံးလူရှင်အမြိုက်မှူးက၊ ကြည်နူးမကွာ၊ အလွမ်း စိတ်သက်သာ၍၊ အဆွေးစိတ်မပေါ်လာအောင်၊ ခြင့်မြှော်ကာ ထောက်ထားလို့မို့၊ နိဗ္ဗာန်ကုန်ပေးသနားတော်မူပ၊ ဘုရားဟု လျှောက်ထားလေရာ၊ ။

လူသုံးပါးတို့၏မှန်ကူ၊စေဗုဒ္ဓသယာနှုတ်သည်၊ ရှစ်ဆူသောဆံတော်မြတ်တို့ကို။သက်တော်ဖြင့်သုံးသပ်၍။ပေးအပ်တော်မူလိုက်ရှာပေသတည်း။ ။

အထဘဂဝါသိသံပရာမသိ၊ကေသာဟတ္ထေလက္ကိ သု၊
တေတေသံအဒါသိဇ္ဇာမေတုမှေပရိဟာရထာတိ။
( ဝိနည်းမဟာဝါအဋ္ဌကထာ၊ )

သဗ္ဗာဒက္ခိဏေန ဟတ္ထေနသိသံ ပရာမသိတွာဥဒ္ဓိနုမ္ဗိဇနာခံ အဋ္ဌကေသဓာတုယောအဒါသိ။ ။
(အင်္ဂုတ္တရအဋ္ဌကထာ။)။ ။

အထ၊ ထိုသို့ဘုန်သည်ညီနောင်နှစ်ယောက်တို့က-လျှောက်ကြသောအခါ၌။ဘဂဝါ၊မြတ်စွာဘုန်းတော်သခင်။ ရှင်ပင်မြတ်ဘုရားကြီးသည်၊သိသံ၊မဟာကိရာနာ လွှန်စွာတင့်အပ်။ ဦးခေါင်းတော်မြတ်ကို။(ဒက္ခိဏေနဟတ္ထေန၊ လက်ျာထုတ်တော်၊ ညာမောင်းတော်ဖြင့်။)ပရာမသိ၊မိမ္ဗွာန်ရည်မှတ်။ သုံးသပ်တော်မူရှာလေပြီ။ ကေသာ။မြယာပ်ရောင်ဂိုန်၊ ဆုနွှံနိလာ။ ရတနာတင့်အပ်။ဆံတော်မြတ်တို့သည်။ဟတ္ထေ၊ညာမောင်းထုတ်တော်၊ ရွှေလက်တော်၌။ လက္ကိ သု၊ စိန်းညိုသန့်ရှင်း-အဆင်းတော်အိ။ကပ်ငြိရှာကုန်ပြီ၊တေ၊ မှေ၊ ရန်ကုန်မြို့သားလာငြားထံမှောက်၊ သင်ဒကာနှစ်ယောက်တို့သည်။ ဣမေ၊ ဤရန်ကုန်-ဆံရှစ်ဆူတို့ကို။ ပရိဟာရထ၊ ဥက္ကလာပ-မွာနရိပ်မြုံ၊ မြို့ရန်ကုန်သို့ ဆောင်ယူကြကုန်လော။ ဣတိ၊ဤသို့၊ဝတွာ၊ ကောင်းစွာမိန့်ကြားမှာထားတော်မူလိုက်၍။ တေသံ၊ ထိုအသိတဉ္စန-ပေါက္ခရဝတိ။ နှစ်လင်္ကာနာမ။ဥက္ကလာပ။ ဇနပဒ သားညီနောင်နှစ်ယောက်တို့အား၊တော၊ ထိုရှစ်ဆူသောဆံတော်တို့ကို အဒါသိ၊ ကရုဏာရှေးထား၍။ပေးသနားတော်မူလိုက်ပြီ။

( ဤကားဝိနည်းမဟာဝါအဋ္ဌကထာ၏အနက်၊ )

ထိုသို့လောကမှန်ကူ၊ သောဇဗ္ဗသယာန္တူကား၊ ရှစ်ဆူသောဆံတော်မြတ်တို့ကို ပေးအပ်တော်မူလိုက်ရာ၊ ညီနောင်နှစ်ဖြာတို့သည်၊ ဝမ်းသာအားရ၊ သဒ္ဓါစောထက်ကျွလျက်၊ အသိတဉ္ဇန၊ ဥဿာနရိပ်မြို့၊ မြို့ရန်ကုန်သို့သင်္ဘောဖြင့်ပုံကဲ့လေရာ၊ လမ်းခရီးမှာ၊ အဿိတ္တနဝရ-မြို့တော်မသို့ရောက်ကြလေလျှင်၊ ထီးနေနန်းဘွား အဿိတ္တမင်းတရားကား၊ ရင်းခံတော်မြတ်ကို၊ အားထားကြည်ညို ငါမင်းမြတ်၏ နန်းဗဟိုရ်တွင်၊ အမြဲပင်ဖူးမျှော်လိုကြောင်းနှင့်၊ တောင်းသောအခါ၊ နှစ်ဖြာသောဆံတော်ခါတ်ကို၊ ဆည်းကပ်ပူဇော်ရန်ပင့်ယူထားလိုက်ပေသည်၊

ရင်းနောက်တဖြာ၊ သင့်လျော်ရာအရပ်များသို့ သင်္ဘောဖြင့် ဆိုက်ကပ်၍လာခဲ့ကြလေရာ၊ အသိတဉ္ဇန၊ ပေါက္ခရဝတီ၊ နှစ်လီ နာမ၊ တွင်ခေါ်သသည့်၊ ဥဿာနရိပ်မြို့၊ မြို့ရန်ကုန်သို့၊ ခိုတ္ထုံ့ဗိုက်ဗိုက် ဆိုက်ရောက်ကြလေ၏၊

ထိုသောကာလ-ခါသမယ၌၊ တပုဿ-ဘလ္လိက ညီနောင်နှစ်ဝတို့သည်၊ ဥက္ကလာပ၊ နန်းလျာစောဝတီ၊ မင်းတရားကြီးအား အနည်းနည်းအဖုံဖုံ၊ ကြောင်းမျိုးစုံလျှောက်ထား၍၊ ရှစ်ဆူသော ဆံတော်များကို၊ ခေတ္တခဏနှံ့စား၍၊ ကြိန်းဝပ်စံပျော်တော်မူကြ ရာ၊ ကျောင်းဝိဟာရ ဆောက်လုပ်တော်မူစေပြီးလျှင်၊ ယခုဤ

“**စိန်ရောင်ခြည်စေတီတော်မြတ်ကြီး**” ၏တည့်

ရာအရပ်၌ပင်လျှင်၊ ဆံတော်ခါတ်များကိုခေတ္တခဏနှံ့စား၍၊ တိုင်းသူပြည်သားတို့ကို ပူဇော်တော်မူစေသည်၊ ထိုနောက်မှ သိင်္ဂုတ္တရ-ကုန်းတော်သို့ဆံတော်ခါတ်များကိုပင့်ဆောင်၍၊ တိဂုံ စေတီတော်ဟုတည်ထားကိုးကွယ်တော်မူကြပေသည်၊

ဥက္ကလာပမင်းကြီးသည်၊ ရင်းဆံတော်ခါတ်တို့၏၊ ခေတ္တတည့် ရပ်တော်မူရာအရပ်ကို၊ နောင်လာနောက်သားတို့ကြည်ညိုမြတ်

နိုးကိုးကွယ်ကြစေရန်၊ ယာရဉ်နေရာ၌ပင်လျှင်၊ စေတီတော်တည်ထား၍၊ အမှတ်အသားပြုပြီးလျှင်၊ ကိုးကွယ်တော်မူခဲ့ပေသည်။

> အတ္တနော နဂရံ နေတွာ အသိတဉ္စ နဂရုတ္တမေ၊ ဇီဝကေသ
> ဓာတုနယာ ပတိဋ္ဌပေသုံ၊ ဥပေါသထဝိဝသေစေတိယ
> သသနိလရံသပေသာနိဋ္ဌာပေတွာ၊ ။
> (အင်္ဂုတ္တရ အဋ္ဌကထာ ဧကနိပါတ်ဧတဒဂ္ဂဝဂ်။)

ထိုအဋ္ဌကထာစကားတော်အရ၊ ။တပုဿ-ဘလ္လိက ညီနောင်နှစ်ယောက်တို့သည်၊ မိမိတို့နေထိုင်သော၊ အသိတဉ္ဇနမြို့သို့ ဆံတော်ဓာတ်တို့ကိုပင့်ဆောင်၍လာခဲ့ရာ၊ သိင်္ဂုတ္တရကုန်းတော်ကိုရှာဖွေ၍မရသေးပဲ၊ မြို့တံခါးအနီး၌ သက်တော်ထင်ရှား ရှိသော ရှင်တော်ဘုရား၏၊ ဆံတော်ဓာတ်များကို၊ ခေတ္တခဏ ကျောင်းတော်များဆောက်လုပ်၍၊ တည်ထားကိုးကွယ်တော်မူရာ၊ ဥပုသ်နေ့၌ထိုဂန္ဓကုဋိစေတီတော်မှ၊ အောက်မည်းညိုဖွင့် အဆင်းနှင့်တူသော ရောင်ခြည်တော်တို့ ကွန့်မြူးတော်မူကြောင်းကို၊ ဆိုလိုရိပ်ရှိပေသည်၊ ။သို့သော်အချို့ဆရာမြတ်တို့ကား၊ တမျိုးတဖုံ ယူကြကုန်၏၊

• ၎င်းနောက်(သက္ကရာဇ်-၁၁၆၄) ခုနှစ်သို့ရောက်သောကာလ၊ ဘိုးတော်ဘုရားကြီး၏သားတော်အကြီးသည်၊ ဓညဝတီမည်သော ရခိုင်ပြည်သို့စစ်ချီတက်တော်မူ၍၊ အောင်မြင်တော်မူခဲ့ရာ၊ ၎င်းစေတီတော်ကြီးအား မြတ်စွာဘုရား၏၊ ဓါတ်မွေတော်အစစ်တို့ကိုပင့်ဆောင်ဌာပနာတော်မူပြီးလျှင်၊ တံတိုင်းမိုးတားသုံးထပ် ရန်၍၊ ထပ်မံပြင်ဆင်တော်မူလျက်၊ "**စကြာရတနာ မာရ်အောင်စေတီတော်**" ဟု၊ ဘွဲ့တော်ချည်၍၊ စကြာဝန်ကြီးအားဘုရား အစောင့်အရှောက်ထားခဲ့ပေသည်ဟု (သမိုင်းပေယ်များ၌တွေ့ရှိရပေသည်။)

ရင်းနောက်-စိန်ရောင်ခြည်ဟု-ဘွဲ့မည်နာမ-ဓါတ်ဝေါ်ရှေသော ထို စေတီတော်မြတ်ကြီးမှာ၊ များစွာ နှစ်ပေါင်း ကြာရှည် ညောင်းသဖြင့်၊ဟောင်းနွမ်းယိုယွင်းပျက်စီး၊ထီးတော်ကင်းစင်၊ မြေအ ပြင်ဝယ်၊သစ်ပင်နွယ်မြက်၊ ဖွဲ့ခါရှက်လျက်၊ ကွဲအက်ပြိုဆွေး၊ ညစ်အကြေးတို့ဖြင့်၊ထွေးခါလုံးခါ၊ နေတော်မူရှာလျက်၊ ရှင် တော်မြတ်ဘုရား၏၊သရီရနှစ်၊ဓါတ်မွေတော်အစစ်တို့မှာလည်း၊ ထွန်းသစ်သည့်-စန္ဒာ၊အသူရိန်ဖမ်းကာသကဲ့သို့၊ ကိုးကွယ်သူဒါ ယကာ၊မပေါ်လာဘဲ၊ကံကျမ္ဘာပေါင်းဆုံ၊ ဗိပါက်တော် တွေ့ကြုံ သဖြင့်၊အနာဂါ အဝ၀၊ရုက္ခမူအာဝါသ၊ သစ်ပင်ခြုံဗိဟာရဝယ်၊ ဣတ္ထိရအကျင့်မျိုးတို့ဖြင့်၊တိုးလျှိုးဖြည့်ခါ၊ ကျင့်တော်မူခဲ့ ရှာပေ သတည်း။

ထိုဖြင်တဖြာ၊ရင်းစေတီတော်မြတ်ကြီးမှာ၊ လူမျိုးကွဲတို့၏ လက်တွင်းသို့၊သက်ဆင်းကျရောက်နေရရှာသဖြင့်၊ဆွမ်းဘော ဇဉ်အဟာရ၊လုံးလုံးကြီးကင်းပ၊ဘုဉ်းပေးတော်မမူရဘဲ၊ သန္နိ ဋ္ဌိ-သလ္လေခ၊တောခြုံကွယ်အစဝယ်၊ ခန္တီစတရားလက်ကိုင် တော်ထားပြီးလျှင်၊ကြီးမားသောပါရမီဖြင့်၊အလီလီဖြည့်ကျင့် လျက်၊သင့်တင့်စွာနေရရှာလေရာ၊ သက်မပါဉာဏ်ပင်ကြီးက၊ ထီးဘော်၏အနေမျိုးနှင့်၊အုပ်မိုးခါပေါက်ရောက်လျက်၊ စောင့် ရှောက်ခါနေရရှာလေသတည်း။ ။

ယခုမှတဘန်၊ကုသိုလ်ကံရေစက်၊ပေါင်းဆုံမှုအတွက်ကြောင့် နှုတ်သက်ကြည်လင်၊သဒ္ဓါဇော နှင့်ကြွယ်ဝ၍မဉ္စူဝင်တသီး၊ ဘုရား တကာ ဦးမောင်ကြီး၊ ဇနီးဒေါ်ဖဲ၊ တဘန် ဒေါ်ဝေါ၊နိမ္မာန်ဆော် ဦးသူတော်နှင့်၊ရည်ရွယ်ခင်မင်၊ ရန်ကုန်မြို့-ဝတ်လုံတော်ရကြီး (ပါတ်ကားသခင်)နှင့်တကွ၊ဘုရားအမ-မသိန်းရင်-မသိန်းတင် ကိုဘလွင်တို့က၊မြေ့မြင်ကြီးအ၊ သမ္ဗုဒ္ဓ၏သရီရနှစ်၊ ဓါတ်မွေ တော်အစစ်တို့၏၊ နွမ်းညစ်သည့်အနေ၊ တွေ့မြင်ရ ဖြစ်တွေ ကြောင့်၊စိတ်နှလုံးမရ၊သဒ္ဓါဟုန်ထက်ကြွပြီးလျှင်၊ငါတို့ပင်ယခု လုံ့ပမ်းခါပြုရမည်ဟု၊လွှမှုအာဘဝီ၊တစ္စဂါဖြင့်၊ပါရမီမျိုး၊မိုက်

ခါပြီးလျှင်၊အားကြီးလှစွ၊စိတ်ဆန္ဒဖြင့်၊ကြံဆကြသည်မှာ၊ ရ
တနာသုံးပါးအနက်၊သက်တော်ထင်ရှား၊ ဘုရားတည်းဟူသော
ဗုဒ္ဓရတနာကြီးသည်၊ ပရိနိဗ္ဗာန်ဝင်စံကြွသွား၊ ကွယ်လွန်ခြား
သော်လည်း၊ လေးပါးစေတီ၊ မွေသရီဓာတ်၊ ရုပ်ပွါးမြတ်တို့၊
ကြွင်းလတ်တည်ရှိရကား၊ဘုရားရုပ်ရှင်၊ကိုယ်တော်ပင်ဟု၊စိတ်
တွင်မခြား၊ရှိညွှတ်ဝတ်ပြုကား၊ကြီးမားမြင့်မြတ်၊ အကျိုးမြတ်တို့
ကို၊ရအပ်—ရရာ ရထိုက်စွာဟု၊ ကျမ်းဂန်လာမသွေ၊ မှုသက်
သေတချ၊ထောက်ရှုကြသည်မှာ၊ ၊(သမေစိတ္တေပသန္နေခံ၊
အပ္ပကာနာမဒက္ခိဏာ၊)ဟုအဋ္ဌကထာ၊သရုပ်၊ နိဂုမ်းချုပ်စကား
ကို၊မှတ်သားပြီးခါ၊စေတနာထွမ်းအိ၊တမ္မပါဏီ၊ ကျွန်းကြီးပိုင်
နက်၊ခရိုင်ချက်ဝယ်၊မြို့ငြိဘက်မရေ၊နူရာဓဟု၊နန်းမထွန်ရုံမှူး၊ မင်း
တဦးသည်၊စိတ်မြူးကြွားကြွား၊ တောကစားရာ၊ ရှေ့နှုသားတရှူ၊
တဆူဘုရား၊မြတ်ရုပ်ပွါး၌၊လက်ညှိုးဖူး၊ကျကြွေ၍၊ ဆုတ်ချွဲမရုံ၊
ပသာဒမလောက်လုံသည်ကို၊တွေ့ကြုံခါခဏဖြင့်၊ တင်သဆက်
လက်၊ပြုပြင်ခဲ့သည့်အချက်ကြောင့်၊အသဏ္ဍာစကင်ပျံ့ပွါး၊ တွင်း
ပရန်အများတို့ကို၊လက်ညှိုးဖျားညွှန့်ကြွ၊ချီကာမှုဖြင့်၊ ပစ္စတ္တရန်
အဝေဘးတို့ တွက်ပြေးပြေပျောက်ရခြင်း၊ ခန္ဓာကင်းသေသေအခါ
၌သည်း၊နတ်ရွာထက်ခွင်၊နတ်နန်းခွင်သို့၊ တက် ရွှင်စံပယ်ရခြင်း
များကို၊အရေဟာ ဒေသနာ၊ကထာညွှန်းရှု၊သိဟဠဝတ္ထု၌၊ကောင်း
မွန်စွာထောက်ရှု၍၊ ငါတို့ပင်ပယရ—ဘုရားဒကာ—ဘုရားအမ ပြု
တော့မည်ဟု၊စိတ်ရည်မြှော်မြင်၊ ပြင်ဆင်ကြလေရာ၊ မြတ်ဖိန
ဘုန်းဘုန်၊ကျေးဇူးခတေဝီရတ်တို့ကြောင့်၊ရန်ကုန်မြို့ဒေသ၊ထက်
ဝန်းကျင်လေးမျက်နှာမှ၊ဘုရားဒကာ—ဘုရားအမ၊ပါဝင်ကြ၊ သူ
ထက်ငါ၊ရတနာငွေမိုးယွင်း၊သွင်းပြီးခါကြီချ၊သဗ္ဗညုဉာဏ်နှင့်၊ဘုရား
အရုံ၊ပဋ္ဌာမြားချန်နှင့်၊ရွှေဆင်းတု—ငွေဆင်းတုနှင့်၊ ရတနာကြိုတ်
အပရာစရတ်၌ပုသဲပေါ်၊ တကဲတော်၌စိန်ရွှေစီ၊ ထိန်ဝေကြည်
လျက်၊နီလာကြောင်းစိကာမြှောင်၍၊သလင်းအစစ်၊ပရင်းအနှစ်
နှင့်၊ကန္နကမာ၊ဖြူရရတနာ၌ပဒါးလုံး၊အဖျားဆုံးက၊ဥသဘုရား

ဂမုတ်အနားနှဲ့ရွှေပုတ္တ၊ ငွေခရသီးနှဲ့၊ သီသေတလုံး၊ မှန်ရွှေအဖုန်းနှင့်မိုးတော်ခေါက်၊ တန်ခိုးတော်မပြတ်၊ အဖြာဖြာသဋိက်လင်းသဖြင့်၊ ဗြဟ္မာပနာဘိုက်၏အတွင်းဝယ်၊ ကြည်ဝင်းလျှံပြောင်၊ အထောင်မကသော အနန္တရတနာတို့ကို၊ ထည့်သွင်း ပြီးလျှင်၊ (သက္ကရာဇ်-၁၂၈၇-ခု) ရေတုဝသန္တတော်သလင်းဟု၊ သစ်ဆင်းခေါ်မြသည်နှဲ့၊ ဖုဏ္ဏပက္ခ၊ ဆဋ္ဌမဝယ်၊ မျှားဏှာပဋိသာ၊ သီဝါငြိမ့်သာ၊ သိမ့်သိမ့်လဲမှု၊ ခဲ့တိမ်လွှာ၊ ပန်းရံဖြာသို့၊ အာကာတခွင်နှံ့သာဖြင်မှ၊ ဝေဟင်ဂှက်ပေါင်း၊ အောင်ဘိလောင်းလျက်၊ အောင်ကြောင်းအညီ၊ ပျံ့ဝဲ၍သဖြင့်၊ ဒေဝီဒေဝါ၊ နတ်တကာလည်းသာယာညွှင်းသွဲ့၊ တျှင်းနွဲ့သလို၊ ချောသွဲ့သိုသာ၊ တူရိယာအရံချွင်မြူးခုံလျက်၊ ဝသုံရိုက်ကြွေး၊ သိကြီးပေး၍၊ အောင်ရေးမှန်စွာ၊ ဉာဏပနာသဘင်ပွဲကြီးယဉ်ပေသတည်း။ ။

—— ::O:: ——

## “ စိန်ရောင်ခြည်ပေါက်တော်ဘွဲ့ ” ရတုပိုဒ်ရုံ။

ပြောင်ထွန်းမသွေ၊ တိုက်မရွှေဝယ်၊ ဇိနေ့သကျ၊ ဓောဇုဒ္ဓသည်၊ ငါးဝရန်ငုတ်၊ မာရ်ခလုတ်ကို၊ ဖျာန်ဖြုတ်ပြီးခါ၊ ဝေနေယျာအား၊ ခေမာကျွန်းငှာ၊ သောင်နိဗ္ဗူသို့ကယ်ပယူမို့မည်၊ စိတ်ကြံစည်လျက်၊ မြို့ပြည်ဉာဏ်နှ၊ နိဂမသို့လှည့်ကြွပြီးခါ၊ သစ္စာပါဠိလ်လူ ဟိန္ဒူကို၊ ကြည်ဖြူသနားရည်တုသား၍၊ တရား ရသမေ့ဇာဖြင့်၊ ပေဟာပြုပြီးခါ၊ ပန္တိမာနှ၊ ကုသိနာရုံ၊ သာသမျိုးရုံသည့်၊ ရုံဂနိုင်၊ အင်ကြင်းမြိုင်ဝယ်၊ ညွှတ်ဆိုင်သုံးဝ၊ ဝန့်ဒုက္ခမှကျွတ်ငြိမ်းမှန်၊ ပြည်နိဗ္ဗာန်သို့၊ ဝင်စံလေချား၊ ထိုအခါဝယ်ဘဂဝါဗိန်၊ သမ္ဗုဒ္ဓ၏၊ သရီရဓာတ်မွေတော်မြတ်တို့၊ တိုက်ရပ်မရွှေ၊ အောင်ခန်းမြေမှ၊ ကြွဒေသစာကွန့်မြူးဖြာလျက်၊ ဝဏ္ဏာတိမ်ထောင်၊ ရှိန်မမှောင်သည်။ ။ထိန်ပြောင်ကြည်လျှပ်ဝင်းတော့သည်။ ။

တောင်ကျွန်းသပြေ၊လက်ျာမြေဝယ်၊ ခတ်မွှေအရံ၊ကြွလေ ကျန်သေး၊သုံးဘုံလောကာ၊ သွက်သွက်ခါလျက်၊ မဟာမေရု၊ ဇမ္ဗူအရှမှာ၊နေလူ့ သနင်း၊ရောင်ရုံကြွင်းသို့၊ ဖိုးဝင်းလျှပ်ခါ၊ တန်ခိုးဖြာသား၊မြို့ရွာဒေသ၊နိဂမနှင့်ဗိုလ်သမကျန်၊စုံမြန်းပြန့်၍၊နိုင်ငံဒေသ၊မြန်ဖြာနှံ့သို့၊ ဖြန့်ကြွပြီးခါ၊ပူဇာရဟာ၊ လှူဒါနနှင့်၊ စာဂဗုံဗုံ၊ ကောင်းမျိုးရုံသား၊ အနုဿ၊ခွဲရ၊ပဉ္စနန္ဒ၏၊ သွင်းချထစ်ကြိုး၊ ရွာ သည့်မိုဃ်းသို့၊ တန်ခိုးတော်ဟုန်၊ ကျေးဖူးဂုဏ်ကြောင့်၊ မြန် ဘုံစက်ဇမ္ဗူ၊ကာနက်မြေတွင်၊ ရှက်ငွေမျှားလှောင်း၊ တန်ဆောင်း ဖြာသန်း၊ဇရပ်တမျိုး၊ ဝထိုးစေတီ၊ ရွှေညီတင့်တယ်၊ လူမျိုး ကြွယ်လျက်၊အံ့ဘွယ်ဘနန်း၊ အခဏ်းခဏ်းဖြင့်၊ လှူဒါန်းကြရာ၊ ကွန့်မြူးဖြာလျက်၊ အာကာသတိမ်တောင်၊ တသိန်ဆောင်သည်၊ စိန်ရောင်ခြည်ခတ်ထွန်းတော့မည်။ ။

အချီ ——————— အချ

ပြောင်ထွန်းမသွေ ——— ထိန်ပြောင်ကြည်လျှပ်ဝင်းတော့သည်

တောင်ကျွန်းသပြေ ——— စိန်ရောင်ခြည်ခတ်ထွန်းတော့မည်

## "ရှစ်လုံးဘွဲ့—မြန်မာဂါထာ"

ရှင်တော်ဘုရား .. ............မိန့်ပငြိမ့်။
မွေတော်ခတ်မြတ် ...... ........ ကိန်းဝပ်မသွေ။
စိန်ရောင်အဆင်း ............ ပြောင်ဝင်းထိန်ဝေ။
ဤဘုရား.................. ........ တည်ထားကိုးကွယ်ပေ။ ။

စိန်ရောင်ခြည်ဟု ...... ..... မြန်ပြည်ကျော်ပေ။
နေ့ဝက်သားလူရ..............ဖတ်ရှုမသွေ။
အနန္တရာယ်ကင်း ........ ........ဘေးရှင်းရန်ပေ၊
ဘွဲ့တော်ထား....... ........ ဓေ၊ ငြားပြုကြစေ။ ။

ရန်ကုန်မြို့တွင်း……………ကျော်လင်းထိန်ဝေ၊
စိန်ကျောက်ပုလဲ……………မြ-ခွဲ-ရွှေ-ငွေ၊
မွှာပနာသွဲ……………ပြိုမ့်သဲတွေတွေ၊
ကုသိုလ်မိုးပေါ်……………သွင်းမြိုးရွှာချပေ၊ ။

---

ပူသပနာသွဲ……………အောင်ပွဲခံလေ၊
သဏ္ဍာရာဇ……………ကေနွပေ၊
အဋ္ဌသဏ္ဍ……………ဘဖြမာဝေ၊
ရာဇ္ဇပက်……………ဆန်းရက်ဆဋ္ဌမေ၊ ။

---

ပါတနည်းကား……………မှတ်သားကြစေ
ငသေ၀င့်နှစ်ရာ……………အဋ္ဌသဋ္ဌေ၊
တော်သလင်းဟု……………သစ်ဆင်းဖုဓေ၊
သုဇဋ္ဌာ……………ဗိန္ဓာဋ္ဌမေ ၊ ။

## ( ဆုတောင်းဂါထာ။ )

ဝဇိရဝိဋ္ဌုဋ္ဌေသာဘာသော၊
ဝဇိရအဂ္ဂဉာဏီကော၊
သောနေသဒေတုဝရံပုည်၊
မာပိ-ဝဇိရခါတွင်ကို ၊ ။

ဝဇိရဝိဋ္ဌုဋ္ဌေသာဘာသော၊ အဓဋ္ဌဖြင့်-ဝဋ္ဌာသွင်မှာ၊ဖြာလွှင်ရက်သွယ်၊ဝိနိကြီးနွယ်အနှစ်၊ ဝိနိချုပ်စစ်ကဲ့သို့၊ တွန်းသစ်ဝေဖြာ၊ဒေသနာဘန်ဆောင်၊ ဘာရေးရောင်တည်းဟူသော အသရေအပေါင်းနှင့်လည်း ပြည့်စုံဘော်မူလပထသော၊ ဝဇိရအဂ္ဂဉာဏီကော၊သကြားမင်း၏ဝဇိရနိပ္ပြီးမြောက်၊ဝိနိလက်နက်ကဲ့သို့၊ ထက်မြက်ရူးရှသော ၊ဝအာသာသခရေအဉာဏ်အပေါင်းနှင့်လည်းယှဉ်တော်မူပေသောသော၊ သောဇာဋ္ဌသတုဘောဒေါ၊ အကြွင်းအင်ရှင်နိပသာသှုပ်ငန်းဝယ်-ဘဘက်ကမ်းရောက်-ပေါက်မြောက်လေပြီး

ဘုရားတည်းဟူသော ဓာတုတော်ဒသာရာကြီးသည်၊ ဝဇီရတော တွင်ကိ၊ရှေ့နောက်ဝဲယာ၊ ရပ်ဒိသာဝယ်၊ ဖြာဖြာတောက်လင်း၊ စိန်ရောင်ခြည်အဆင်းနှင့်တူသော၊ ချုပ်စစ် ခေတ်မီးတိုင် ကြီး ထွန်းကို၊မာပီ၊ ကောင်းစွာကြည်လင်းအောင် ဘန်ဆင်းတော်မူ လေပြီ၊ သောဇုဍ္ဍဓာတုတော်ဒေါ၊ ထိုအင်ရှင်နှီယာလုပ်ငန်းဝယ်၊ တဘက်ကမ်းရောက် ပေါက်မြောက်လေပြီး၊ ဘုရားတည်းဟူ သောဓာတုတော်ဒသာရာကြီးသည်၊နော၊ ဓာတု-ဓမ္မ-ဥဒ္ဒိသနှင့်၊ ပရိဘောဂအညီစေတီလေးရပ်၊အမြတ်ပိုင်းခြား၊ သွင်းထားကိုး ကွယ်ရာ၊ဂိဗ္ဗကာအရှင်၊စီလုပ်ညွှန့်ကိုက်၊ရွှေထီးစိုက်သော၊ "**စိန် ရောင်ခြည်စေတီတော်မြတ်ကြီး**" ကို၊ ပြုပြင် တခဏ်းလှ၊ဒါန်းကြွကုန်သောအကျွန်ုပ်တို့အား၊ ပုညဉ်၊ ဇုဍ္ဍပူဇာ သဒ္ဒါလောင်းရ-မြတ်ကောင်းမှုလျှင်၊ ပြည့်ရုံရာပြည့်ရုံကြောင်း ဖြစ်သော၊ဝရံပဏ္ဍိတဝရံ၊ တောင့်တမြွက်ဆို၊အလိုရှိသမျှလုံးဝ စေ့ငုံ၊မြတ်သောဆုကို၊ ဒေတု၊ ကာလအခွင့်၊ မဖင့်လျှင်လျှား၊ ပေးသနားတော်မူပါ၊အရှင်မြတ်ကြီးဘုရား။

သိင်္ဂနိကဗ္ဗသဝဏ္ဏာဘော၊
လောကနာထောနရာသဘော၊
ဇိနဓာဒေါပုရိသာဇညော၊
ဇုဒ္ဓေါမေဒေတုဇိနဓိတာံ၊ ၊

သိင်္ဂနိကဗ္ဗသဝဏ္ဏာဘော၊သိင်္ဂနိက်အစစ်၊ ဇမ္ဗူရာဇ်အထူး ဖျော်ဦးသစ်စ၊တောက်ပထိန်ဝေ၊ရွှေသေါ်အဆင်းတော်လည်းရှိ တော်မူပေထသော၊လောကနာထော လူသုံးပါးတို့၏စီးပွါးချမ်း သာကို၊ ဘေ့ရှာဘောင့်တတတ်သည်ဖြစ်၍၊ လူနတ်တို့၏အား ထားမြတ်နိုး၊ ကိုးကွယ်ရာလည်း ဖြစ်တော် မူပေထသော၊ နရာ သဘော၊လူတွင်အထွန်း၊တုဘက်လွတ်အောင်၊ကြီးမြတ်စွာလှ၊ အာသဘလည်းဖြစ်တော်မူပေထသော၊ ပုရိသာဇညော၊ပဏ္ဍိ-

အဿသ-ဥသဘနှင့်။မန္တသဇာနည်း။ လေးမည့်အရိုး၊ ဇာနည်မျိုး ကိုအစိုးရသော။ပုရိသအာဇာနည်လည်းဖြစ်တော်မူပေထသော၊ ဆုန္ဒရာဒေါ်။သတ္တဝါတို့၏အလိုဆန္ဒဟူသမျှကိုလည်း။ ဝေငှပေး ကမ်းတော်မူတတ်ထသော။ဗုဒ္ဓေါ်။လေးအင်္ဂါ၊ ကျောင်းရွာ သိမြင်။ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ မေ-ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို။ငါဟုသမုတ်။အကျွန်ုပ်၏။ဝါ။အကျွန်ုပ်အား။ဆုန္ဒိုတံ။ ကျောင်းရွာပိုရိ။အလိုရှိအပ်။တောင့်တအပ်သော။ဥပါဒ်ဘေးဒဏ် ရန်မနှိပ်ကင်းကွာ။ ချမ်းသာသက်ရှည်၊ တည်နေခြင်းအကျိုးကို၊ ဒေတု။လျှင်စွာမနှေး။ပေးသနားတော်မူပါအရှင်ဘုရား။ ။

ကိလေသဇာလပိဒ္ဓံသိ။
ဗိသုဒ္ဓေါဗုဒ္ဓသေဝိတော၊
ဆုန္ဒရာဒေါအတိဂမ္ဘီရော၊
ဝေဠုမေဒေတုဆုန္ဒိုတံ။ ။

ကိလေသဇာလပိဒ္ဓံသိ။တဏှာဝင်ငါးရော။ကိလေသာဟူသော ကွန်ရက်ကို။ဖျက်ဆီးခြင်းအလေ့ရှိထသော၊ဗိသုဒ္ဓေါ်။ ယုတ်မာ ညစ်ကျုံ။မကောင်းမှုတို့မှ၊ အစဉ်သဖြင့်စင်ကြယ်စွာထသော၊ ဗုဒ္ဓသေဝိတော။ သုံးလူထွဋ်တင်ဘုရားရှင်တို့သည်၊ ဂေါစရ-ဘာဝနာ။နှစ်ဖြာသေဝန။သဘာဝဖြင့်။မှီအမြဲ-မှီဝဲအပ်တော်မူ ထသော။အတိဂမ္ဘီရော။ ပရမတ္ထ-သဘာဝဖြင့်။ မှချက်ခဲ၊အ လွန်လျှင်နက်နဲထသော။ဆုန္ဒရာဒေါ်။ "ဝေဠုဟာဝေရဏ်ဒီဓမ္မစ ရီ" မာဂဓီပါဠိလာ၊ဒေသနာအရ ဝိမိတည်းဟူသော သုစရိတ မြတ်ဓမ္မကိုနေ့ညမခြားကာ၊ ကျောင်းရွာစောင့်ရှောက်ကုန်သော သူတော်ကောင်းတို့၏။ အလိုဆန္ဒဟူသမျှကို။ ထို့နှင့်တူစွာ ဆောင်တတ်သောအလေ့အားဖြင့် ပေးတတ်ထသော၊ ဝေဠု၊ မဂ်ဖိုလ်နိဗ္ဗာန်-တရားနှင့်ပရိယတ်၊ ဆယ်ပါးသောတရားတော်မြတ် သည်၊မေ။ရုပ်နာမ်နှစ်ဖြာ။ ငါးခန္ဓာကို-ငါဟုသမုတ်၊အကျွန်ုပ်၏၊ ဝါ။အကျွန်ုပ်အား။ဆုန္ဒိုတံ၊ ကျောင်းရွာပိုရိအလိုရှိအပ်၊ တောင့်

တအပ်သော ဥပါဒ်ဘေးဒဏ်၊ ရန်မာန်ကင်းကွာချမ်းသာသက်ရှည် တည်နေခြင်းအကျိုးကို၊ ဒေတု၊ လျှင်စွာမနှေး ပေးသနားတော်မူစေသတည်း၊

သီလာဒိဂုဏာသမ္ပန္နော၊
ဒက္ခိဏေယျာ အနုတ္တရော၊
ဗုဒ္ဓါဒေါ သုပရိသုဒ္ဓေါ၊
သံဃော မေ ဒေတု ဗုဒ္ဓိတံ၊

သီလာဒိဂုဏသမ္ပန္နော၊ သီလ-သမာဓိ-ပညာ၊ သုံးဖြာလုံးရုံ-ချေျပာဖွယ်ဂုဏ်နှင့်၊ ပြည့်စုံတော်မူပေထသော၊ ဒက္ခိဏေယျာ၊ ကောင်းစွာဆည်းကပ်၊ မြတ်သောအလှူကို၊ ကြည်ဖြူစွာခံယူတော်မူထိုက်ထသော၊ အနုတ္တရော၊ ကာမ-ရူပ-အရူပဟု၊ လောကသုံးပါး၊ ရဟတ်များမှ၊ လွန်မြောက်တော်မူထက်ထသော၊ သုပရိသုဒ္ဓေါ၊ ပွတ်သစ်ပြီးသော ခရုသင်းကဲ့သို့၊ ထက်ဝန်းကြွင်း၊ ဖြူစင် သန့်ရှင်းသော အကျင့်တော်လည်း ရှိတော်မူပေထသော၊ ဗုဒ္ဓါဒေါ၊ သတ္တဝါတို့၏ အလိုဆန္ဒဟူသမျှကို၊ ဝေငှပေးကမ်းတော်မူထက်ထသော၊ သံဃော၊ မဂ္ဂလေးတန်-ဖလလေးတန်-ရှစ်တန်သံတော်မြတ်၊ သံဃာတော်အရှင်မြတ်သည်၊ မေ၊ ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာကို၊ ငါဟု သမုတ်၊ အကျွန်ုပ်၏၊ ဝါ-အကျွန်ုပ်အား၊ ဗုဒ္ဓိတံ၊ ကောင်းစွာပိုမို၊ အလိုရှိအပ်၊ တောင့်တအပ်သော၊ ဥပါဒ်ဘေးဒဏ်၊ ရန်မာန်ကင်းကွာ၊ ချမ်းသာသက်ရှည်၊ တည်နေခြင်းအကျိုးကို၊ ဒေတု၊ လျှင်စွာမနှေး၊ ပေးသနားတော်မူပါ အရှင်ဘုရား၊

## ( စိန်ရောင်ခြည်ဘုရားရှိခိုး )

သောဘာဘာဇိနုသသ-သုဏ္ဍာဘာဘာ။
ဥဏ္ဏလောမာ-သုနိဂ္ဂတာ။
ဝဇိရရံသိသဒိသာ။
တာပိဝန္ဒာမိသဗ္ဗဒါ။ ။

ဇိနုသသ၊ ငါးပါးမာရ်ရှုံတံ၊ ရန်ခလုတ်ကို၊ ထွန်ဖြုတ်ဖွင့်ဆောင် အောင်တော်မူတတ်သည့်၏အဖြစ်ကြောင့်၊ (ဇိနု)ဟူသောဘွဲ့ထူး ဘွဲ့မြတ်ကို ရအပ်တော် မူသော ရှင်တော် မြတ်ဘုရားကြီး၏ ဥဏ္ဏလောမာ၊ မျက်မှောင်၏အလယ်ရပ်တွင်၊ စိန်တပွင့်ချယ် တပ်သကဲ့သို့၊ တလျှပ်လျှပ်သော ရှိန်ရှိန်၊ တထိန်ထိန်ရှက်ကူး၊ စိန် ရောင်ခြည့်ကွန့်မြူးလျက်၊ အထူးလျောက်ပတ်၊ ဥဏ္ဏလုံမွှေတော် တော်မှ၊ သုနိဂ္ဂတာ၊ ပြောင်ပြောင်လက်လက်၊ ကောင်းစွာထွက် ကုန်ထသော၊ သောဘာ၊ ဖူးမြင်ရသူတို့၏၊ စက္ခုအကြည်ဝယ်၊ တ သိသိရစ်ဝဲ၊ ရွှေပါရုံသို့ ခေတ်ဆွဲသကဲ့သို့၊ ထူးကဲဖွေးဖွေး၊ တင့်တယ် ကုန်ထသော၊ သုဏ္ဍာဘာဘာ၊ ဘော်ငွေ-ငွေစင်၊ ပုလဲနှစ်ကဲ့သို့၊ ထွန်းသစ်ကြည်ဝင်၊ ဖြူဖွေးသောရောင်ခြည်တော်တို့သည်၊ ဝဇိရ ရံသိသဒိသာ၊ စိန်းတုန်း-စိန်စင်၊ စိန်အနှစ်ပြီး စိန်သားတောင်ကြီး မှ၊ ညီးညီးတောက်လောင်၊ စိန်ကြိုးရောင်နှင့်တူလှပါပေကုန် ၏၊ တာပိ၊ ထိုမှန်သော သဏ္ဌာန်း၊ တရားဂုဏ်း၏၊ အသရေတော်မြတ်၊ စိန် ရောင်ခြည်ဝဏ္ဏာတော်တို့ကိုလည်း သဗ္ဗဒါ၊ နေ့ရောညဉ့်ပါ၊ အခါ ခပ်သိမ်း၊ အဟံ၊ ငါ-နာခံနှစ်ဖြာ၊ ငါးခန္ဓာ[illegible]ခါသမုတ်၊ အ ကျွန်ုပ်သည်၊ ဝန္ဒါမိ၊ အထက်လက်ရုံးမိုးဦးနှိမ်ကြိုး၍၊ ရှိခိုးပါ၏ဘွေ ဘုန်းတော်သခင်အရှင်မြတ်ကြီးဘုရား။

## "စိန်ရောင်ခြည်ဘုရားကြီး" ထည်းက

ရသော-ဌာပနာတိုက်-အပေါင်း-စာရင်း။

| | | | |
|---|---|---|---|
| ရွှေဆင်းတုဘုရား | ၁။ | ကျောက်စိန်း | ၁။ |
| ငွေဆင်းတုဘုရား | ၇။ | ငွေခွဲလွဲ | ၁။ |
| ဗေဒမီညောင်ပင်နှင့် | | နှစ်ကျိပ်ရှစ်ဆူဘုရား | |
| ငွေဆင်းတုဘုရား | ၄။ | ဓာတ်လုံး | ၁။ |
| သတ္တုဘုရား | ၂။ | | |

## "စိန်ရောင်ခြည်ဘုရားကြီး"

ဌာပနာတိုက်-အသစ်ကသိုလ်ပါဝင်စာရင်း။

(ဦးမောင်ကြီး-ဒေါ်ဓံ-သားပါတ်ကား-ဘိုးမသိန်းရင်
မသိန်းတင်-မောင်ဘလွင်-သားဘိုး)
တရုတ်ကျောင်းမှ။

| | | | |
|---|---|---|---|
| ငွေဓာတ်တော်ကြုတ် | ၁။ | ဓာတ်တော်အကြီး | ၂။ |
| ငွေဆွမ်းတော်အုပ် | ၁။ | ဓာတ်တော်အငယ် | ၄။ |
| ကြောင်ကျောက် | ၁။ | ဂန့်ဂေါ်ပလ္လင်နှင့် | |
| ဂန့်ဂေါ်ပလ္လင်နှင့် | | ငွေဆင်းတုဘုရား | ၁။ |
| မြသကြိစ်ဘုရား | ၁။ | နတ်ကြီး | ၄။ |
| ပတ္တမြားပလ္လင်နှင့် | | သိကြား | ၁။ |
| ရဟန္တာ | ၂။ | သူရဿတီ | ၁။ |
| ဇမ္ဗူမဒီဘုရား | ၃။ | ကျေးပိုက်ဆံအမျိုးမျိုး | ၁၂။ |
| ကျေးစည် | ၁။ | ငွေဒေါင်းဒင်္ဂါး | ၂။ |
| ရွှေပုတီး | ၁။ | ငွေမတ်စိ | ၁။ |
| ငွေသပိတ် | ၂။ | ကျေးဟင်္သာရုပ် | ၁။ |
| ရှင်သီဝလိ | ၁။ | ဓာတ်လုံး | ၃။ |

## " စိန်ရောင်ခြည်ဘုရားကြီး " ၏

ဌာပနာတိုက်အတွင်း-ကုသိုလ်ပါဝင်စာရင်း။

| | |
|---|---|
| ဘုရား | ၁။ |
| ဥတ္တိနွှမင်း | ၁။ |
| ကျောက်နီ | ၁၄၅။ |
| ရွှေစံမွကရိုက်း | ၁။ |
| ရွှေရေသနပ် | ၁။ |
| ကျေးဒရုဲ | ၃။ |
| ပေစာ | ၅၅၀။ |
| ရွှေရုပ် | ၄။ |
| ငွေရုပ် | ၁၂။ |
| ဂမုံးပေါင်းဘုရား | ၁။ |
| ကျေးဇာသာ | ၁။ |
| ဗောဓိညောင်ရွှေရွက် | ၁။ |
| ကနုကမာစွယ်တော်ဘုရား | ၂။ |
| မြသပိတ် | ၁။ |
| စိန်သကြဖြစ်နှင့်ရွှေဘုရား | ၁။ |
| ရွှေကွမ်းသစ် | ၁။ |
| ငွေကွမ်းအစ် | ၁။ |
| ရွှေရေနွယ် | ၁။ |
| ငွေရေနွက် | ၁။ |
| ရွှေဟင်္သာ | ၁။ |
| ငွေဟင်္သာ | ၁။ |
| ငွေထွေးခံ | ၁။ |
| ကျေးနက်ဘုရား | ၁။ |
| ဘုရားကြီးစိန်ဘူး | |
| မိုးစင်းကုတ်ကျောက်လုံးရေ | ၆၀။ |
| (ကိုဘလွင်) | |
| ဗိဋကတ်သုံးပုံ | ၃။ |
| (မကြည်) | |
| ငွေဆွဲသည်း | ၁။ |
| (မောင်ဘော်လာ) | |
| မြ ထုပ်လုံးရေ | ၄၄၆။ |
| ကျောက်နီ | ၁၂။ |
| ဘုရား | ၅။ |
| ကျေးလက်ဖွဲ့ | ၁။ |
| (ဒေါ်မေ သားမောင်အိမ်ကျန်) | |
| ခတ်တော် | ၇။ |
| ရုပ်တော်မူဘုရား | ၁။ |
| ကျောင်းတော်မူဘုရား | ၁။ |
| တင်ပလ္လင်ခွေဘုရား | ၁။ |
| မြယက်ကုဋ်တော် | ၁။ |
| ကနုကမာကတိုး | ၁။ |
| ကျွဲချိုကြုတ် | ၁။ |
| ပုဒါး | ၁။ |
| သိဘော | ၁။ |
| ကျေးဘော | ၁။ |
| ချော်ခေး | ၁။ |
| ဘော်ပြာ | ၁။ |
| ပန္နမန့်ခေးဗုံ | ၁။ |
| အင်း | ၁။ |
| ရတနာဒီပံပဗောင်တိုင် | ၂။ |
| အာယုဝဍနပြာ | ၁။ |
| အမြိုက်နက်။ | ၂။ |

# "စိန်ရောင်ခြည်ဘုရားကြီး" ၏

ဌာပနာတိုက်-အသစ်ကုသိုလ်ပါဝင်စာရင်း။

| | |
|---|---|
| ဆေးတောင်ရွှေ | ၁။ |
| ဝက်စွယ်ခေါင်းပိတ် | ၁။ |
| တအင်နီ | ၁။ |
| ကာယသိဒ္ဓိပြာ | ၁။ |
| ဓာတ်ပေါင်းပြာ | ၁။ |
| ရှစ်လုံးပူးလက်ဖွဲ့ | ၁။ |
| ဂီယသိဒ္ဓိဆေး | ၁။ |
| ရှင်ဥပဂုတ်ဘုရား | ၁။ |
| ကျောက်စလင်း | ၄။ |
| ပန်းပေါင်း | ၁။ |
| ကျောက်နီလုံးရေ | ၁၆၀။ |
| စလင်းကျောက် | ၅။ |
| ပဒ္မမန်ဆေး-ပါင်း | ၁၂၃။ |
| ဥဿဘုရား | ၁။ |
| ပြင်သစ်စိန် | ၁၀။ |
| ကျောက်ဖြူ | ၂။ |
| ကျောက်စိန်နားဒေါင်း | ၄။ |
| ကျောက်ပန်း | ၁၀။ |
| ကတိုး | ၁။ |
| ကနုကမာ | ၂။ |
| သွတ်ကြုတ် | ၁။ |
| (ဦးဘေ-မဒိ) | |
| ငွေသေတ္တာ | ၁။ |
| (မမယ်) | |
| ငွေဖလား | ၁။ |
| (မဒိ) | |
| ငွေဆင်းတုဘုရား | ၁။ |

| | |
|---|---|
| ကျေးစွယ်တေဒီအုပ် | ၁။ |
| ရွှေဒေါင်းမှုစ် | ၁။ |
| ကျေးပိုက်ဆံ | ၂။ |
| (မမြင်) | |
| ကျောက်နီလုံးရေ | ၂၀။ |
| ကျောက်နီအကြီး | ၂။ |
| နီလာ | ၁။ |
| ဂေါမုတ် | ၁။ |
| မြ | ၁။ |
| (ဦးဘချို-မသဲမှုန်) | |
| ကျောက်နီအကြီး | ၁။ |
| ကျောက်နီအငယ် | ၃။ |
| နီလာအကြီး | ၁။ |
| နီလာအငယ် | ၃။ |
| ကျောက်စိန်း | ၁။ |
| ဥဿဘုရား | ၁။ |
| မြအကြီး | ၁။ |
| (မရင်) | |
| သတ္တုဘုရား | ၃။ |
| ဓာတ်တော် | ၁။ |
| (မကြင်) | |
| ကျေးဆင်းတုဘုရား | ၁။ |
| (မမင်း) | |
| ကြောင်ကျောက် | ၁။ |
| မြ | ၁။ |
| (မနှင်းသက်) | |
| ဓာတ်ကြီးဆွယ်ဖွဲ့ | ၁။ |

# " စိန်ရောင်ခြည်ဘုရားကြီး " ၏

## ဌာပနာတိုက်-အသစ်ကုသိုလ်ပါဝင်စာရင်း။

| | |
|---|---|
| ကျေးဝေဏ္ဏာ | ၁။ |
| (မအေး) | |
| ကျောက်နီ | ၅။ |
| ဖြင်သစ်စိန် | ၁။ |
| ကျောက်စိန် | ၃။ |
| (ကိုဖြေဘ်လင်) | |
| ငွေပဒေသာပင် | ၁။ |
| ငွေဖလား | ၂။ |
| (ကိုအောင်စ) | |
| ဒက္ခိဏာသာခါဘုရား | ၁။ |
| (မမျှင်) | |
| ဓာတ်တော် | ၃။ |
| (မမေ) | |
| ပရင်းပထီး | ၁။ |
| (မမြိ) | |
| ရွှေတဆိုင်း | ၁။ |
| (ရှုစိန်ဖြန်-မြိမြိကြီး)။ | |
| ငွေကြုတ် | ၁။ |
| ကလပ် | ၁။ |
| (မောင်ဘဇ - မမလေး) | [illegible] |
| ငွေဖလား | ၁။ |
| (မောင်ဘသော်) | |
| ငွေနာရီကြိုး | ၁။ |
| (မောင်ဘသင်) | |
| ငွေဆွဲလည်း | ၁။ |
| (ဒေါ်တာ) | |
| ကျေးဆင်းတုဘုရား | ၁။ |

| | |
|---|---|
| ရုပ်ပွားတော် | ၁။ |
| (ဆရာကြီး) | |
| ဓာတ်တော် | ၈။ |
| အရိုဘုရား။ | ၁။ |
| (ဒေါ်ကျွမ်း | |
| ကျောက်နီလုံးရေ | ၃၉။ |
| ကျောက်စိန် | ၇။ |
| မြ | ၁။ |
| နီလာ | ၃။ |
| ပုလဲ | ၁။ |
| (မဖွားခင်) | |
| နီလာ | ၁။ |
| (ဦးမဲ့) | |
| ပုဒါးလုံး။ | ၁။ |
| (မကျင်ရွှေ) | |
| ဆံတရ | ၃။ |
| ငွေဒေါင်းဒင်္ဂါး | ၁။ |
| ကျေးမိုက်ဆံ | ၂၁။ |
| (မဖိ) | |
| ရွှေအဆင်းခါတ်တော် | ၅၀။ |
| ငွေနောက်အဆင်းခါတ်တော် | ၂၁၀။ |
| (ဒေါ်ဖြူ) | |
| ကျေးဆင်းတုဘုရား | ၁။ |
| (ဒေါ်ဖွား သားမောင်ကျင်) | |
| ငွေကလပ် | ၁။ |
| ပရင်းဘုရား | ၁။ |

# “စိန်ရောင်ခြည်ဘုရားကြီး” ၏

## ဌာပနာတိုက်-အောက်ကုဗိုလ်ပါဝင်စာရင်း၊

| | |
|---|---|
| ဆင်းတုဘုရား | ၁၊ |
| (ကိုဘ သားမောင်သော်စိန်) | |
| ဆင်စွယ်ဘုရား | ၁၊ |
| ငွေဒေါင်းဒင်္ဂါး | ၁၊ |
| ငွေဖလား | ၁၊ |
| (ကိုဖေ-မစ္စိရန်) | |
| မြ | ၁၊ |
| ကျောက်စိမ်း | ၄၊ |
| ဥသဘုရား | ၁၊ |
| နီလာ | ၁၊ |
| ကျောက်နီ | ၁၊ |
| ငွေဆင်းတုနှစ်ကျိပ်ရှစ်ဆူ၊ | |
| ဓာတ်တော်ကြုတ် | ၁၊ |
| ကလပ် | ၁၊ |
| ဥဘုမ်ပွါးရုပ် | ၁၊ |
| မှန်ကျောင်းဆောင် | ၅၊ |
| ရဟန္တာရှစ်ပါး | ၈၊ |
| ဇိနသာမဒေဝ | ၁၊ |
| တန်ခွန်တိုင် | ၁၊ |
| ထီးပေါင်းဌာပနာစေတီ ရန် | ၁၊ |
| (တန်ချင်ချောင်း-မကျင်ဟုန်) | |
| မြ | ၅၊ |
| ကျောက်နီ | ၃၊ |
| မဟူရာ | ၁၊ |
| နီလာ | ၁၊ |
| ဥသဘုရား | ၁၊ |

| | |
|---|---|
| ကျောက်နီ | ၁၊ |
| ကျောက်စိမ်း | ၁၊ |
| ရုပ်ပွါးတော်ဘုရား | ၃၊ |
| ရွှေဘောင်ဖွေး | ၁၊ |
| ရွှေဆံတော် | ၈၊ |
| ရွှေဆွဲလည်း | ၁၊ |
| ကျေးစွယ်တော်ခုပ် | ၁၊ |
| ပန်းပေါင်းပုတီ | ၁၊ |
| ဗောဓိသားပုတီး | ၁၊ |
| ဓာတ်တော် | ၃၊ |
| ကျောက်စိမ်း | ၁၊ |
| ရွှေမှုစ် | ၁၀၊ |
| ကျောက်စိမ်းနားရောင်း | ၁၊ |
| ငွေနှစ်ကျိပ်ရှစ်ဆူဘုရား၊ | |
| ဘုန်းတော်ကြီး | ၁၊ |
| ဘိုးသူတော် | ၁၊ |
| (ကိုဘဌေ မဌေ) | |
| ကျောက်နီ | ၁၀၊ |
| ပုလဲ | ၁၊ |
| ဥသဘုရား | ၁၊ |
| မြ | ၁၊ |
| နီလာ | ၁၊ |
| (ဒေါ်ငွေဘီ) | |
| ဓာတ်တော် | ၂၊ |
| (မရင်) | |
| ဓာတ်တော်အကြီး | ၃၊ |
| ဓာတ်တော်အငယ် | ၄၊ |

# " စိန်ရောင်ခြည်ဘုရားကြီး " ၏

## ဌာပနာတိုက်-အသစ်ကုသိုလ်ပါဝင်စာရင်း။

(မကာင်ဖွာ)
နီလာ ၆။
မြလက်စွပ် ၁။
(ကိုဘိုးသက်-မသိန်းရင်။
ကျောက်သေတ္တာ ၅-လုံး။
(မသိန်းမြ)
ဒက္ခိဏာသာခါဘုရား· ၁။
မြဆင်းတုဘုရား ၁။
ဗောဓိသားဘုရား ၄။
ငွေဆင်းတုဘုရား ၁။
(ဦးသာဂရ)
ဓာတ်တော် ၂။
(ရှင်ဓမ္မပါလ)
ဓာတ်တော် ၃။
(ဦးတိလောက)
ဓာတ်တော် ၇-ဆူ။
(မခင်အေခင်)
နဝရတ်ဖူပါး
ကျောက်နီ ၇။
ဥသ ဘုရား ၁။
မြ ၂။
ကျောက်စိမ်း ၁။
ဖရဲအ။ ၁။
ကြောင်ကျောက် ၁။
ပရင်း ၃။
ရွှေငါးတကောင် ၁။
နီလာခရေသီး ၁။

ငွေဆင်းတုဘုရား ၃။
ငွေကြုတ် ၁။
ကျေးပိုက်ဆံ ၁။
အဂ္ဂိဥဒကငွေတံဆိပ် ၁။
ကျေးပိုင်း ၁။
(ဘောရှုး-မမှုင်)
ငွေဆွဲလဲ ၁။
(ဘီအေ-ဘရှုး)
ငွေဆွဲလည်း ၁။
(ဦးတွန်းရ
ကျောက်ဆင်းတု ၁။
ငွေဆင်းတုဘုရား ၂။
(မမကြီးညီအမတရ)
ငွေစေတီတဆူ ၁။
မြလက်စွပ် ၄။
ပတ္တမြား ၁။
နီလာ ၂
(မစိန်)
ကျောက်နီလုံးရေ ၅၀။
(ကိုပု-မမိ)
ငွေဆင်းတုဘုရား ၇။
(ဧမ်းရှူး)
မြဆင် ၁။
(ဦးလူပိုးသားသမီး)
ရှင်ဥပဂုတ် ၁။
ရဟန္တာ ၂။
ဘာဂဝန်လား။

# " စိန်ရောင်ခြည်ဘုရားကြီး " ၏

## ဌာပနာတိုက်အသစ်-ကုသိုလ်ပါဝင်စာရင်း၊

လ်ဂ္ဂလာဝဝဆ ။
ဘုရားမတီး၊ သဏ္ဍာဌာနံ
တတ်မဝတီး၊ ငွေ
နတင်း၊ ငွေဌက်မြနား
ခြံဂန်လား၊ } ငွေအချိန်- ၆၀၊
မာရဂူရီး၊ }
ရန်ခြ ငွေဆွဲ-လည်း ၁၊
ရှပ်သီးလား ငွေဆင်းတု
(မမြ)
ငွေဒရုပ် ၁၊
ခတ်တော်အကြီး ၃၊
ခတ်တော်အငယ် ၆၊
(ကိုဘိုးရ-မပု)
ငွေဆင်းတု ၇၊
(ကိုပေါ-မစွိရန်)
မှန်ကျောင်းဆောင် ၃၊
ငွေဆင်းတုဘုရား ၂၀၊
(ရန်မရှး)
ကျေးဆင်ရုပ် ၁၊
(ဦးလူရို-သား)
ရှင်ဥပကုတ်ကိုယ်တော် ၁၊
ရဟန္တာ ၂၊
(ဒေါ်ကျင်း)
အမာဖြူ ၂၊

(ကိုဘိုနို-မထွေး)
ရွှေဆင်းတု ၁၊
(ကိုအန်ဘော-မဖြဖွေး)
ရွှေအပ် ၂၊
(မရန်၊)
ဒုက္ခိတာသာခါဘုရား ၁၊
(ဦးဘိုးရင်-မမိ)
ရဟန္တာခတ်တော် ၁၅၀၊
ရှင်သီဝလိ ၁၅၊
(မသိန်းရှု)
ကျေးဆင်းတု ၁၊
ဇမ္ဗူမဗိဘုရား ၁၊
(ဒေါ်ငွှန်မ)
ဇမ္ဗူမဗိဘုရား ၁၊
(မကျုံး)
ဇမ္ဗူမဗိဘုရား ၁၊
(မငြေ)
ဇမ္ဗူမဗိဘုရား ၀၊
(မပို)
ဇမ္ဗူမဗိဘုရား ၁၊
(မစိန်ပု)
ဇမ္ဗူမဗိဘုရား ၁၊
(ရှင်ဇာဂရ)
ဘုရားဟသွ၊